ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၈ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့်ကြေညာချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၈ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့်ကြေညာချက်များ

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဥပဒေများ


၁။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၈) ... ၁

၂။ ၂၀၀၈ ခုနှစ်၊ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၈) ... ၃၁

၃။ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၂၀၀၈) ... ၃၅

၄။ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၄/၂၀၀၈) ... ၄၅

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၅/၂၀၀၈) ... | ၆၉ |
| ၆။ | တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၆/၂၀၀၈) ... | ၈၁ |
| ၇။ | မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၇/၂၀၀၈) ... | ၈၉ |
| ၈။ | ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို ပြင်ဆင်သည့်ဥပဒေ<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၈/၂၀၀၈) ... | ၉၇ |

# မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## နည်းဥပဒေများ


၁။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေများ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနည်းဥပဒေများအမှတ် ၁/၂၀၀၈) ... ၉၉


## အမိန့်များ


၁။ တာဝန်မှ အနားယူခွင့်ပြုခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်အမှတ် ၁/၂၀၀၈) ... ၁၄၇

၂။ အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်အမှတ် ၂/၂၀၀၈) ... ၁၅၁

၃။ အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်အမှတ် ၃/၂၀၀၈) ... ၁၅၅

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ကြေညာချက်များ


၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ်၊ မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခြင်း

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြေညာချက်အမှတ် ၁/၂၀၀၈) ... ၁၅၉

၂။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခြင်း

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြေညာချက်အမှတ် ၂/၂၀၀၈) ... ၁၆၃

၃။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဖွဲ့စည်းကြောင်း ကြေညာခြင်း

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြေညာချက်အမှတ် ၃/၂၀၀၈) ... ၁၆၉

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသ များအဖြစ် သတ်မှတ်ကြေညာခြင်း<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကြေညာချက်အမှတ် ၄/၂၀၀၈) | ... | ၁၇၅ |
| ၅။ | သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ အဖြစ် သတ်မှတ်ထားသောဒေသများ အနက်မှ ဒေသအချို့ကိုရုပ်သိမ်းကြောင်းနှင့် ဒေသအချို့ ကို ဆက်လက် သတ်မှတ်ကြောင်း ကြေညာခြင်း<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကြေညာချက်အမှတ် ၅/၂၀၀၈) | ... | ၁၇၉ |
| ၆။ | ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ကြောင်း ကြေညာခြင်း<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကြေညာချက်အမှတ် ၆/၂၀၀၈) | ... | ၁၈၅ |
| ၇။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်း ပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းလိုက် ကြောင်း ကြေညာခြင်း<br>(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကြေညာချက်အမှတ် ၇/၂၀၀၈) | ... | ၁၈၉ |

# ၂၀၀၈ ခုနှစ်၊
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး
# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

### နိဒါန်း

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုလည်းကောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းလျက်ရှိကြသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကိုလည်းကောင်း၊ အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ ရေရှည်အကျိုးစီးပွားကိုလည်းကောင်း ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်က ရေးဆွဲခဲ့သည်။

ဤသို့ ရေးဆွဲထားသည့်ဥပဒေမူကြမ်းကို ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဤဥပဒေ ဆိုသည်မှာ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ဆိုသည်။

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုသည်။

(ဂ) ကော်မရှင် ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ကို ဆိုသည်။

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။ ယင်းစကားရပ်တွင်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) တို့၏ ကော်မရှင်အဖွဲ့ခွဲများ လည်း ပါဝင်သည်။

(င) ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(စ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဇ) နိုင်ငံသား ဆိုသည်မှာ တည်ဆဲဥပဒေအရ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ပြီးသူကို ဆိုသည်။

(ဈ) သာသနာ့ဝန်ထမ်း ဆိုသည်မှာ

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာ သာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလတို့ကို ဆိုသည်။

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူသူများနှင့်လည်း ထိုသို့ခံယူထားဆဲကာလအတွက် သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန် သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိ ကိုယ်ကို ဆက်ကပ်ထားပြီးသည့်ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော

သို့မဟုတ် တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်ကိုဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့် သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းနှောထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သောပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်။

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးကို ဆိုသည်။

(ည) **ဆန္ဒခံယူပွဲဒေသ** ဆိုသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒမဲပေးရန် ကော်မရှင်က သတ်မှတ်ပေးသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကို ဆိုသည်။

(ဋ) **မဲစာရင်း** ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသများတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူများ၏စာရင်းကို ဆိုသည်။

(ဌ) **မဲရုံအဖွဲ့** ဆိုသည်မှာ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းကို စုပေါင်းတာဝန်ယူဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသောအဖွဲ့ကို ဆိုသည်။

(ဍ) **မဲရုံမှူး** ဆိုသည်မှာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသော မဲရုံအဖွဲ့၏ ခေါင်းဆောင်ကို ဆိုသည်။

(ဎ) **ပယ်မဲ** ဆိုသည်မှာ-

(၁) သတ်မှတ်ထားသည့်အမှတ်အသား မပါသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုဖြစ်ကြောင်း မဲရုံအဖွဲ့က စိစစ်ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃) တစ်နည်းနည်းဖြင့် ဖျက်ဆီး၍ မပုံးထဲထည့်ထား သည့် ဆန္ဒမဲလက်မှတ်။

## အခန်း (၂)
## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရမည်။

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကော်မရှင်က သတ်မှတ်သည့် ကာလအတွင်း အပြီးကျင်းပရမည်။

၄။ (က) ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့်နေ့ ရက်ကို အနည်းဆုံး ၂၁ ရက် ကြိုတင်ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးအတွက် မိမိတို့၏ ဆန္ဒခံယူပွဲ ဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ၏စာရင်းကို အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြေညာရမည်။

## အခန်း (၃)
## ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၅။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်တစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများပါဝင်စေလျက် လိုအပ်သော အရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မရှင်သည် အောက်ပါ ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရမည် သို့မဟုတ် ဖွဲ့စည်းစေနိုင်သည်-

(၁) ပြည်နယ် သို့မဟုတ် တိုင်းတစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲတစ်ခု၊

(၂) ခရိုင်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ခရိုင် ကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၃) မြို့နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော မြို့နယ် ကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုလျှင် အဖွဲ့ဝင် ငါးဦးမှ ၂၀ ဦးအထိပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတစ်ခု။

## အခန်း (၄)

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း၊

(ခ) ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒခံယူပွဲ ဒေသများကို သတ်မှတ်ကြေညာခြင်း၊

(ဃ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် အချိန်ကာလသတ်မှတ်ပေးခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့်စပ်လျဉ်းသော စာရင်းဇယားပြုစုရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက အသုံးပြုမည့်ပုံစံများ၊ တံဆိပ်များ၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပေးခြင်း၊

(ဆ) ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ထုတ်ပေးခြင်း၊

(ဇ) နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံသို့ ပေးပို့ခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ အစီရင်ခံ တင်ပြခြင်း၊

(ည) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

၇။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ခရိုင်ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မရှင်သို့ အစီရင်ခံခြင်း၊

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မြို့နယ်အလိုက်ပေးပို့သော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ကော်မရှင်သို့ ကြိုတင်ပေးပို့ခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးခွင့်ရှိသူစာရင်း၊ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး ကော်မရှင်သို့ ပေးပို့ခြင်း။

၈။ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကော်မရှင်မှ တောင်းခံခြင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ကော်မရှင်နှင့်ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသများအလိုက် မဲစာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ အတည်ပြုပြီးသော ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တောင်းခံခြင်းနှင့် ဆန္ဒခံယူပွဲဒေသအလိုက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့ပါ အဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများ၌ ဆန္ဒမဲပေးရမည့်နေ့ရက်များကို ကြေညာခြင်း။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြား၍ စာရင်းပြုစုပြီး ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဆ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော ကိစ္စများကို ဆောင်ရွက်ခြင်း။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် မဲစာရင်းကို ပြုစုပြီး သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အတည်ပြုရန် တင်ပြခြင်းနှင့် အတည်ပြုပြီးသော မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသရှိ မဲရုံနယ်မြေနှင့်

တည်နေရာများကို သတ်မှတ်ကြေညာခြင်းနှင့် မဲရုံအဖွဲ့ဝင် များနှင့် မဲရုံမှူးများကို ခန့်ထားခြင်း၊

ခြွင်းချက်။ ဆန္ဒခံယူပွဲကျင်းပသောနေ့ရက်တွင် အကြောင်း တစ်စုံတစ်ရာကြောင့် ခန့်ထားသောမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် တစ်ဦးဦးသည် ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်း မပြုနိုင်လျှင် ရပ်ရွာကကြည်ညိုလေးစားခြင်း ခံရသည့် သင့်လျော်သော နိုင်ငံသားတစ်ဦးဦးကို အစားထိုး တာဝန် ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရရှိသော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မဲပုံးများကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ခြင်း၊

(စ) မဲရုံအသီးသီးရှိမဲပုံးများကို ယင်းမဲရုံ၌ပင်ဖွင့်ပြီး ဆန္ဒမဲများ ရေတွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်၊ လက်ကျန်ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်း၊

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ သို့ အစီရင်ခံခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော ကိစ္စများကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## မဲစာရင်းများ ပြုစုခြင်း

၁၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်း ဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော အောက်ပါပုဂ္ဂိုလ်များ၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းနိုင်ခွင့် ရှိသည် -

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ၏ သံတမန်များ၊ သံအဖွဲ့ဝင်များ၊ ကောင်စစ်အဖွဲ့ဝင်များနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များ၊

(၂) တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြင်ပ၌ အလုပ်ဝတ္တရား ဆောင်ရွက်ရန် အစိုးရက ခန့်အပ်ထားခြင်းခံရသူများ နှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ၊

(၄) နိုင်ငံခြားသို့ရောက်ရှိနေသော အစိုးရပညာတော်သင် များနှင့် ယင်းတို့နှင့်အတူနေထိုင်သောမိသားစုဝင်များ။

(၅) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင်ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ၊

(၆) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းအသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများ၊

ရှင်းလင်းချက်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရန် အစိုးရက ဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများ၊ လူမှုရေးကျောင်းများနှင့် ဂေဟာများသည်လည်းကောင်း၊ တပ်မတော်က ဖွင့်လှစ်သောတက္ကသိုလ်များနှင့်ကျောင်းများသည်လည်းကောင်း ပါဝင်သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများအနက် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်း ဖွင့်လှစ်ထားသည့်ဒေသရှိ မဲစာရင်းတွင်ပါရှိသော ကျောင်းသူ၊ ကျောင်းသားများမှအပ အခြားဒေသမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် တာဝန်ကျနေသောဝန်ထမ်းများ၊

(၈) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှခွဲခွာ၍ အခြားဒေသရှိလုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၊

(၉) ရဲစခန်းနှင့်အကျဉ်းထောင်များရှိ အချုပ်သားများ။

(ဂ) မဲစာရင်းပြုစုရာတွင် အမြဲတမ်းနေထိုင်သည့် ဆန္ဒခံယူပွဲဒေသမှ အခြားဆန္ဒခံယူပွဲဒေသတစ်ခုသို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်ကျော်လွန်သည်အထိ ယာယီလာရောက်အလုပ်လုပ်ကိုင်သူများကို ရောက်ရှိနေသောဆန္ဒခံယူပွဲဒေသ၏ မဲစာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မူလနေထိုင်ရာ ဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်း မပြုရ -

(၁) သာသနာ့ဝန်ထမ်းများ၊

(၂) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(၃) ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏ အမိန့်-စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊

(၄) ပြည်ပသို့ တရားမဝင် ရောက်ရှိနေသူများ၊

(၅) နိုင်ငံခြားသားများ။

၁၂။ (က) မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ပြုစုရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သော ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း၏အမည်ကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ မဲစာရင်းပြုစုသည့်အခါ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင်ဖော်ပြထားသောပုဂ္ဂိုလ်များ၏အမည်ကို ယင်းတို့နေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်း၌ထည့်သွင်းခြင်း မပြုရ။ အကယ်၍ ယင်း မဲစာရင်းတွင်ပါရှိနေလျှင် ထိုသူ၏အမည်ကို မဲစာရင်းမှ ထုတ်ပယ်ရမည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သူများအတွက် မဲစာရင်းပြုစုရာတွင် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သောအဖွဲ့ဝင်အရေအတွက်ဖြင့် ဖွဲ့စည်းသည့် အောက်ပါအဖွဲ့များက ပြုစုရမည် -

(၁) နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာသံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့်အဖွဲ့၊

(၂) တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော်ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာတပ်မှူးနှင့်အဖွဲ့၊

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းအသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ်ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ သိပ္ပံနှင့်ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏ အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့်အဖွဲ့၊

(၄) ဆေးရုံတွင်တက်ရောက်ကုသနေသူများနှင့် တာဝန်ကျသော ဝန်ထမ်းများအတွက် ဆေးရုံအုပ်ကြီးနှင့်အဖွဲ့၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိသူများအတွက် ယင်းလုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့၊

(၆) ရဲစခန်းရှိအချုပ်သားများအတွက် သက်ဆိုင်ရာရဲစခန်းမှူးနှင့်အဖွဲ့၊ အကျဉ်းထောင်ရှိ အချုပ်သားများအတွက် သက်ဆိုင်ရာ ထောင်ပိုင်နှင့်အဖွဲ့။

(င) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော်ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မိမိတို့နှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်း၊ တပ်ဖွဲ့၊

တစ်ဌာနချုပ်များ၌နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့မိသားစုဝင်များ၏အမည်များကို သက်ဆိုင်ရာတပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာတပ်တွင်း၌မနေဘဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူနေထိုင်ကြသည့် မိသားစုဝင်များ၏ အမည်များကို ယင်းတို့နေထိုင်ရာဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ ထည့်သွင်းခြင်း။

၁၃။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းကို စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် မဲစာရင်းပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကို ရယူရမည်။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ ဖွဲ့စည်းထားသည့်အဖွဲ့များသည် မဲစာရင်းစစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကဲ့သို့ ဆောင်ရွက်ရမည်။ မဲစာရင်းနှင့်စပ်လျဉ်း၍အငြင်းပွားလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ ဖွဲ့စည်းထားသောအဖွဲ့အတွက် ကော်မရှင်ထံမှလည်းကောင်း၊ အခြားအဖွဲ့များအတွက် ယင်းတို့နှင့်သက်ဆိုင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း အတည်ပြုချက်ကို ရယူရမည်။

ကော်မရှင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## ဆန္ဒမဲပေးခြင်း

၁၄။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မိမိ၏အမည်စာရင်းပါဝင်သည့် ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံ၌သာ ဆန္ဒမဲပေးရမည်။

၁၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မဲရုံတိုင်းတွင် ဆန္ဒမဲပေးသူများ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အများမြင်သာသည့် နေရာတွင် သတ်မှတ်ထားသောမဲပုံးကို ထားရှိရမည်။

၁၆။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာ ဆန္ဒမဲပေးခွင့်ရှိသည်။

၁၇။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှသော်လည်းကောင်း ဆန္ဒမဲလက်မှတ်ကို ရယူ၍ မဲရုံအတွင်းရှိ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုပြီးနောက် မဲပုံးအတွင်းသို့ ထည့်ရမည်။

၁၈။ နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲ ပေးခွင့်ရှိသူများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် မိမိနေထိုင်သော ဆန္ဒခံယူပွဲ ဒေသ၏ပြင်ပသို့ ခရီးသွားရန်ရှိသော ဆန္ဒမဲပေးခွင့်ရှိသူများသည် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်။

၁၉။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသောပုဂ္ဂိုလ်များအတွက် ဆန္ဒမဲပေးရန်နည်းလမ်းများမှာ ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

၂၀။ (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံရေးပျက်ပြားသည့်အခြေအနေကြောင့်ဖြစ်စေ၊ အခြားဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ လွတ်လပ်၍ တရားမျှတသောဆန္ဒခံယူပွဲကို တည်ငြိမ်စွာ ကျင်းပနိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒခံယူပွဲဒေသတစ်ခုလုံးနှင့်သက်ဆိုင်သောမဲရုံအားလုံးကိုဖြစ်စေ၊ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံတစ်ရုံကိုဖြစ်စေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ထားသောကာလအတွင်း ဆန္ဒမဲပေးနိုင်ရေးအတွက် သင့်လျော်သည့်နေ့ရက်သို့ တစ်ကြိမ်ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် မဲရုံများကိုလည်း မိမိသင့်လျော်သည်ဟု ထင်မြင်သည့်နေရာသို့ ချက်ချင်းရွှေ့ပြောင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းခြင်းနှင့် ရွှေ့ပြောင်းခြင်းကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြပြီး မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာပြည်နယ်သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြရမည်။

(ခ) မဲရုံတစ်ရုံရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ ဆန္ဒမဲပေးခွင့်ရှိသူများက ပုဒ်မခွဲ (က) ပါ အကြောင်း တစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်လျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။

ဆန္ဒမဲပေးနေစဉ် ရွှေ့ဆိုင်းရလျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခွင့်ရှိသူ ငါးဦး၏ရှေ့မှောက်တွင် မဲပုံးများကို လုံခြုံစွာပိတ်ထားပြီး ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။ ယင်းကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက်နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည့်မဲရုံတွင် ဆန္ဒမဲပေးရန် ကျန်နေသည့်ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးရန် နေ့ရက်နှင့်နေရာကို ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ထားသောကာလအတွင်းမှ ရက်တစ်ရက် သတ်မှတ်၍ ကြေညာပေးရမည်။

(ဃ) ရွှေ့ဆိုင်းလိုက်သည့်နေ့ရက်တွင် ဆန္ဒမဲပေးရာ၌ မဲပုံးအသစ်ကို အသုံးပြုရမည်။

၂၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန်အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်း၏ ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံအားလုံးကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ ယင်းသို့ အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ကော်မရှင် အဖွဲ့ခွဲသို့ အစီရင်ခံပြီး မိတ္တူကို ကော်မရှင်နှင့်သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန်အခြေအနေ ဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ် အတွင်းရှိ ဆန္ဒခံယူပွဲဒေသတစ်ခုကိုဖြစ်စေ၊ သတ်မှတ်ထား သော ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်အထိကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ အကယ်၍ ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်ကျော်ကို ဖျက်သိမ်းရန်အခြေအနေဖြစ်ပေါ်လာ ပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက် နှင့်အတူ သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ချက်ချင်းအစီရင်ခံ ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံ တင်ပြချက်ကို ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းအဆုံးအဖြတ်သည် အပြီး အပြတ် ဖြစ်စေရမည်။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲသည် ထိုသို့ ဖျက်သိမ်းရန် ဆုံးဖြတ်ကြောင်းကို ကော်မရှင်သို့ အစီရင်ခံ၍ သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲ နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မိတ္တူပေးပို့ရမည်။

## အခန်း (၈)
## ဆန္ဒမဲရေတွက်ခြင်း

၂၂။ (က) မဲရုံတွင် မဲရုံပိတ်ပြီးသည်နှင့်တစ်ပြိုင်နက် မဲရုံအဖွဲ့သည် -

(၁) ၁၀ ဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင် မဲပုံးများကို စစ်ဆေးပြီးနောက် ယင်းမဲပုံးများကိုဖွင့်၍ ဆန္ဒမဲများ ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာ၌ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်ရမည်။

(၂) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ ရွှေ့ဆိုင်းသတ်မှတ်သော နေ့ရက်တွင် ကျန်ရှိနေသေးသောဆန္ဒမဲပေးခွင့်ရှိသူများထံမှ ဆန္ဒမဲ ဆက်လက်ရယူရမည်။ ထိုဆန္ဒမဲရယူသည့် မဲရုံပိတ်ပြီးမှသာလျှင် ယင်းမဲရုံမှ ဆန္ဒမဲများကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိဆန္ဒမဲများနှင့်ပေါင်း၍ ရေတွက်ရမည်။

(၃) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ ရွှေ့ဆိုင်းသတ်မှတ်သော နေ့ရက်တွင်လည်း ဆန္ဒမဲပေးခြင်းမပြုလုပ်နိုင်လျှင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ လုံခြုံစွာပိတ်ထားသောမဲပုံးများရှိ ဆန္ဒမဲများကိုသာ ရေတွက်ရမည်။

(၄) ပုဒ်မခွဲငယ် (၁) နှင့်အညီ ဆန္ဒမဲများကို ရေတွက်ပြီးသောအခါ မဲစာရင်းပါ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့်ဆန္ဒမဲလက်မှတ်နှင့် လက်ကျန်ဆန္ဒမဲလက်မှတ်တို့၏စာရင်းများကို သီးခြားပြုစုပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ပေးပို့သည့်စာရင်းများကို မဲရုံအလိုက်စုစည်းပြီး စာရင်းချုပ်ပြုစု၍လည်းကောင်း၊ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(၁) ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သည့် စာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အလိုက် စုစည်း၍ ပြုစုသောစာရင်း၊

(၂) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့အရ ဖွဲ့စည်းသောအဖွဲ့များကပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီး ရရှိသည့်စာရင်းများကိုလည်းကောင်း၊ ပုဒ်မခွဲငယ် (၁) ပါ စာရင်းများကိုလည်းကောင်း စုပေါင်းပြုစုထားသော စာရင်းတို့ကို အစီရင်ခံစာနှင့်အတူ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယင်းမိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (ဂ) အရ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော မဲစာရင်းများကိုစုစည်း၍ ကော်မရှင်သို့ ပေးပို့ရမည်။

(င) ကော်မရှင်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းထားသောအဖွဲ့များက ပေးပို့သည့် ကြိုတင်

ဆန္ဒမဲလက်မှတ်များကို ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများ ခွဲခြား၍ ရေတွက်ရမည်။

## အခန်း (၉)
## ဆန္ဒမဲများ ကြေညာခြင်း

၂၃။ ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသည့်အခါ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများက ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) အရ ပေးပို့တင်ပြသော ဆန္ဒမဲစာရင်းများနှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) အရ ကော်မရှင်က ရေတွက်ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းများကို တပေါင်းတည်းစာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်။

## အခန်း (၁၀)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်

၂၄။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ မည်သူမျှ အောက်ပါ တစ်ခုခုကို မပြုလုပ်ရ -

(က) တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ခ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုကို လက်ဝယ်ထားရှိခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်သွားခြင်း၊

(င) မဲပုံးကို အခွင့်အာဏာမရှိဘဲဖွင့်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထိခိုက်စေခြင်း၊

(စ) မဲရုံကို ဖျက်ဆီးခြင်း၊

(ဆ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသော စာရင်း၊ အကြောင်းကြားစာ သို့မဟုတ် အခြား စာရွက်စာတမ်းများကို ဖတ်ရှု၍ မရစေရန် တမင်ကြံရွယ်ချက်ဖြင့်ပြုလုပ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဖျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရဝဏ်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သောနေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ ဟောပြောခြင်း၊ စာရွက်စာတမ်းကမ်းလှမ်းခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းကို အခြားတစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း။

၂၅။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း၊ ယင်းသို့ ဖောက်ဖျက်ရန် အားထုတ်ကြောင်း၊ ဖောက်ဖျက်ရန် ပူးပေါင်းကြံစည်၍ ဖြစ်မှုမြောက်သောပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း သို့မဟုတ် ဖောက်ဖျက်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၁)
## ဘဏ္ဍာရေးနှင့် ဝန်ထမ်းအကူအညီရယူခြင်း

၂၆။ (က) ကော်မရှင်သည် -

(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ခန့်မှန်းခြေကုန်ကျစရိတ်ကိုတွက်ချက်ပြီး နိုင်ငံတော်အေးချမ်း

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံ သုံးစွဲရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ တောင်းခံရရှိသောငွေအနက် ကော်မရှင်အဖွဲ့ခွဲများသို့ သင့်လျော်သလို ခွဲဝေပေး ရမည်။

(ခ) ကော်မရှင်အဖွဲ့ခွဲများသည် -

(၁) ပုဒ်မခွဲ (က) အရ ကော်မရှင်ထံမှ ခွဲဝေရရှိသောငွေကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်းသုံးစွဲ၍ စာရင်း များကို စနစ်တကျ ထားရှိရမည်။

(၂) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသောအခါ ကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ငွေစာရင်းရှင်းတမ်း များကို ကော်မရှင်သို့ ပေးပို့ရမည်။

၂၇။ ကော်မရှင်သည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သောဝန်ထမ်းများနှင့် ပစ္စည်းအကူအညီတို့ကို ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံမှ ညှိနှိုင်းရယူနိုင်သည်။

## အခန်း (၁၂)
## အထွေထွေ

၂၈။ ကော်မရှင်သည် ပုဒ်မ ၂၃ အရ ဆန္ဒမဲရရှိမှုအခြေအနေကို ကြေညာပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသို့ အစီရင်ခံစာတင်သွင်းရမည်။

၂၉။ (က) ကော်မရှင်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင် နိုင်ငံတော်အေးချမ်းသာယာ

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယင်းနေရာအတွက် အဖွဲ့ဝင်အစားထိုး ခန့်ထားနိုင်သည်။

(ခ) ကော်မရှင်အဖွဲ့ခွဲ တစ်ခုခုတွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင် အောက်ပါကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲက အစားထိုး ခန့်ထားနိုင်သည် -

(၁) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင် နေရာဖြစ်ပါက ကော်မရှင်၊

(၂) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲ၊

(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲ၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ။

(ဂ) ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နေရာ လစ်လပ်ခြင်းကြောင့် ကော်မရှင် သို့မဟုတ် ကော်မရှင် အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် လိုအပ်သောနည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

၃၁။ ကော်မရှင်သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၈ ခုနှစ်၊ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၈ ခုနှစ်၊ ကာလစည်းကမ်းသတ်အက်ဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်
၂/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၀၈ ခုနှစ်၊ မတ်လ ၁၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၀၈ ခုနှစ်၊ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ ဒုတိယ ပိုင်းတွင် –

(က) အပိုဒ် ၁၅၁၊ အပိုဒ် ၁၅၅၊ အပိုဒ် ၁၅၆ တို့၌ ပါရှိသော "Council of People's Justices" ဆိုသည့်စကားရပ်ကို "Supreme Court" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အပိုဒ် ၁၅၂၊ အပိုဒ် ၁၅၃ တို့၌ ပါရှိသော "Township Judges' Committee" ဆိုသည့်စကားရပ်ကို "District Court" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အပိုဒ် ၁၅၂-က၊ အပိုဒ် ၁၅၄ တို့၌ ပါရှိသော "State or Divisional Judges' Committee" ဆိုသည့်စကားရပ်ကို

"State or Divisional Court" ဆိုသည့်စကားရပ်ဖြင့် အစား ထိုးရမည်။

(ယ) အပိုဒ် ၁၅၁ ၏ "Period of Limitation" စာတိုင်ရှိ "Twenty days" ဆိုသည့်စကားရပ်ကို "Thirty days" ဆိုသည့် စကား ရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
(၂၀၀၈ ခုနှစ်၊ မတ်လ ၂၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၇-၂၀၀၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊

အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)နှင့် (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရ သည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း သည် ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း အပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၄။ ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်

တကယ် ဈေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း နှစ်သိန်း တိုးမြှင့်လှူထားလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

| အမှတ်စဉ် | ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | ၁,၁၁၀,၉၉၅,၀၀၀ | - | - | ၆၃,၄၂၅,၀၀၀ | | | | |
| ၂ | ၂ | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | ၁၁,၉၃၆,၀၀၀ | - | - | - | | | | |
| ၃ | ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၀၅,၇၆၆,၀၀၀ | - | - | ၅၆၀,၆၄၄,၈၃၀,၀၀၀ | | | | |
| ၄ | ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၃,၅၁၅,၀၀၀ | - | - | - | | | | |
| ၅ | ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၃၁,၇၈၁,၀၀၀ | - | - | - | | | | |
| ၆ | ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၆၄,၅၅၃,၀၀၀ | - | - | - | | | | |
| | | ပေါင်း . . . | | ၁,၈၀၈,၅၄၆,၀၀၀ | - | - | ၅၆၀,၇၀၈,၂၅၅,၀၀၀ | | | | |

# ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၇၄,၇၅၄,၀၀၀ | ... | ၄,၈၈၁,၀၀၀ | ... | | | | |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | ၂၅၁၁,၃၃၆,၀၀၀ | ... | ... | ၁,၇၇၁,၉၀၇,၀၀၀ | | | | |
| ၃ | ၄ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ၁၇၈,၉၆၉,၀၀၀ | ... | ၃၄၇,၀၇၈,၀၀၀ | ၁၁,၆၃၆,၂၉၅,၀၀၀ | | | | |
| ၄ | ၅ | ပြည်ထဲရေး | ၎င်း | ၉၀၀,၂၇၆,၀၀၀ | ... | ၂၅၄,၅၅၇,၀၀၀ | ... | | | | |
| ၅ | ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၆၇၆,၆၁၀,၀၀၀ | ... | ... | ၂၅၅,၆၆၇,၀၀၀ | | | | |
| ၆ | ၇ | သာသနာရေး | ၎င်း | ၃၀၉,၄၁၇,၀၀၀ | ... | ... | ၂၇၀,၀၀၀,၀၀၀ | | | | |
| ၇ | ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၃၇၅,၂၂၄,၀၀၀ | ... | ၄၆,၄၈၄,၀၀၀ | ... | | | | |
| ၈ | ၉ | ပြန်ကြားရေး | ၎င်း | ၂၀၃,၂၆၉,၀၀၀ | ... | ... | ... | | | | |
| ၉ | ၁၀ | ယဉ်ကျေးမှု | ၎င်း | ၁၉၄,၂၆၅,၀၀၀ | ... | ၈,၀၀၀ | ... | | | | |
| ၁၀ | ၁၁ | ပညာရေး | ၎င်း | ၁,၇၅၁,၃၈၁,၀၀၀ | ... | ... | ... | | | | |
| ၁၁ | ၁၂ | ကျန်းမာရေး | ၎င်း | ၃၃၀,၃၀၆,၀၀၀ | ... | ... | ... | | | | |
| ၁၂ | ၁၃ | အားကစား | ၎င်း | ၉၈,၄၂၄,၀၀၀ | ... | ... | ၅၀,၀၀၀,၀၀၀ | | | | |
| ၁၃ | ၁၄ | အလုပ်သမား | ၎င်း | ၁၁၈,၈၁၄,၀၀၀ | ... | ... | ... | | | | |
| ၁၄ | ၁၅ | သစ်တောရေးရာ | ၎င်း | ၂၀၇,၉၃၅,၀၀၀ | ... | ... | ... | | | | |
| ၁၅ | ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၄၀၂၀,၇၁၄,၀၀၀ | ... | ... | ၁၄,၄၁၃,၄၅၅,၀၀၀ | | | | |
| ၁၆ | ၁၇ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၂၈၃,၈၄၀,၀၀၀ | ... | ... | ... | | | | |
| ၁၇ | ၁၈ | သတ္တုတွင်း | ၎င်း | ၈၃,၇၂၄,၀၀၀ | ... | ... | ... | | | | |
| ၁၈ | ၁၉ | အမှတ် (၁) စက်မှု | ၎င်း | ၃၃,၇၇၉,၀၀၀ | ... | ... | ... | | | | |
| ၁၉ | ၂၀ | အမှတ် (၂) စက်မှု | ၎င်း | ၈၅,၁၄၇,၀၀၀ | ... | ... | ... | | | | |
| ၂၀ | ၂၁ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၇၈၀,၇၇၂,၀၀၀ | ... | ၃၀,၀၀၀ | ၆,၉၀၀,၄၈၀,၀၀၀ | | | | |
| ၂၁ | ၂၂ | စွမ်းအင် | ၎င်း | ၂၅၆,၀၀၀ | ... | ... | ... | | | | |
| ၂၂ | ၂၃ | အမှတ် (၁) လျှပ်စစ်စွမ်းအား | ၎င်း | ၁၀၉,၆၂၀,၀၀၀ | ... | ... | ၃၅,၄၁၀,၅၇၇,၀၀၀ | | | | |
| ၂၃ | ၂၅ | ဆောက်လုပ်ရေး | ၎င်း | ၁,၃၀၂,၈၉၄,၀၀၀ | ... | ... | ၁,၀၈၂,၇၃၉,၀၀၀ | | | | |
| ၂၄ | ၂၆ | ပို့ဆောင်ရေး | ၎င်း | ၄၈၁,၂၅၅,၀၀၀ | ... | ... | ၂,၇၅၉,၄၈၉,၀၀၀ | | | | |
| ၂၅ | ၂၇ | ရထားပို့ဆောင်ရေး | ၎င်း | ၆၉,၈၁၅,၀၀၀ | ... | ... | ... | | | | |
| ၂၆ | ၂၈ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | ၎င်း | ၁၈,၇၇၈,၀၀၀ | ... | ... | ... | | | | |
| ၂၇ | ၂၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၃၂၈,၃၃၉,၀၀၀ | ... | ... | ... | | | | |
| ၂၈ | ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၃၈,၅၃၅,၀၀၀ | ... | ... | ... | | | | |
| ၂၉ | ၃၁ | သမဝါယမ | ၎င်း | ၆၈,၇၉၆,၀၀၀ | ... | ... | ... | | | | |
| ၃၀ | ၃၂ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၂၂၂,၉၄၇,၀၀၀ | ... | ၂,၂၉၅,၀၀၀ | ... | | | | |
| ၃၁ | ၃၃ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၈,၈၈၄,၂၇၈,၀၀၀ | ၄,၇၃၅,၂၀၉,၀၀၀ | ... | ... | | | | |
| | | ပေါင်း . . . | | ၂၄,၇၇၁,၇၇၉,၀၀၀ | ၄,၇၃၅,၂၀၉,၀၀၀ | ၆၅၅,၃၃၃,၀၀၀ | ၇၄,၅၅၀,၆၀၉,၀၀၀ | | | | |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | ၂၀၀၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေး ငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၄၈,၂၂၅,၉၉၄,၀၀၀ | ... | ... | ၈၆,၅၄၃,၈၆၃,၀၀၁ | | | | |
| | | ပေါင်း ... | | ၄၄၈,၂၂၅,၉၉၄,၀၀၀ | ... | ... | ၈၆,၅၄၃,၈၆၃,၀၀၀ | | | | |

# ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ
# အရအသုံးဆိုင်ရာဥပဒေ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၄/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၀၈ ခုနှစ်၊ မတ်လ ၂၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း (၁)
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ၂၀၀၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

### အပိုင်း (၂)
### နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း (၁)
## ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ

ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသောသုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့်အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့တင်ပြသော ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)
## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင် မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးအရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၇။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊

တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံး စရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူ သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ နိုင်ငံတော်၏ နောက်ထပ် ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့်အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် အစိုးရဌာနတစ်ခုခုအား ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။

၁၂။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံ ချက်ပေးနိုင်သည်။

၁၃။ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်း ခြောက်သိန်း ပမာဏထက် မပိုစေရ။

## အပိုင်း (၃)
## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၄။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့

(င) မဲပုံးများ၏အရွယ်အစားကို သာမန်အားဖြင့် အလျား ၁၅ လက်မခန့်၊ အနံ ၁၅ လက်မခန့်နှင့် အမြင့် ၁၅ လက်မခန့်ဖြင့် ပြုလုပ်ပြီး အပေါ်ဘက်အဖုံးတွင် ဆန္ဒမဲလက်မှတ်ထည့်ရန် အလျား ၉ လက်မ၊ အနံ ၁ ၁/၂ လက်မခန့်ရှိ အပေါက်တစ်ပေါက်ကို ဖောက်ထားရမည်။

(စ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့တွင် မဲရုံများကို လိုအပ်သလို ကြီးကြပ်ပေးနိုင်ရန် မဲရုံတစ်ရုံလျှင် ကော်မရှင်အဖွဲ့ခွဲဝင် အနည်းဆုံးတစ်ဦးကို တာဝန်ချထားရမည်။

၁၃။ မဲရုံအဖွဲ့သည် လျှို့ဝှက်ဆန္ဒမဲပေးသည်ကို မထိခိုက်စေရန် မဲရုံနှင့် မဲရုံပတ်ဝန်းကျင်ကို စီစဉ်ပေးရမည်။

၁၄။ မဲရုံအဖွဲ့သည် မဲရုံစတင်ဖွင့်လှစ်သည့်အချိန်၌ မဲရုံအတွင်းရှိ မဲပုံးများတွင် ဆန္ဒမဲလက်မှတ်များနှင့် အခြားပစ္စည်းတစ်စုံတစ်ရာ မရှိကြောင်းကို ငါးဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူများအား ပြသပြီးနောက် မဲပုံးကို လုံခြုံစွာ ပိတ်ရမည်။

၁၅။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် မဲရုံ များကို နံနက်ခြောက်နာရီမှ ညနေ လေးနာရီအထိ ဖွင့်လှစ်ထားရှိရမည်။ သို့ရာတွင် မဲစာရင်းပါ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက ညနေ လေးနာရီထက်စော၍ မဲရုံကို ပိတ်နိုင်သည်။

(ခ) ညနေ လေးနာရီထိုးပြီးနောက် မဲရုံမပိတ်မီ မဲရုံမှူးသည် မိမိမဲရုံပရဝဏ်အတွင်း၌ ရောက်ရှိနေသူများအနက် ဆန္ဒမဲမပေးရသေးသည့်သူများရှိပါက ထိုသူများအား ဆန္ဒမဲပေးချိန်ကျော်လွန်ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်။

၁၆။ မဲရုံအဖွဲ့သည် မဲရုံနှင့် ယင်းပတ်ဝန်းကျင်၌ ငြိမ်ဝပ်ပိပြားစေရေးအတွက်လည်းကောင်း၊ ဆန္ဒမဲပေးခွင့်ရှိသူများ မဲရုံအတွင်းသို့ စည်းကမ်းတကျ ဝင်ထွက်နိုင်ရေးအတွက်လည်းကောင်း စီမံဆောင်ရွက်ရမည်။

၁၇။ မဲရုံအဖွဲ့သည် မဲရုံအတွင်းသို့ မဲရုံနှင့်မသက်ဆိုင်သောသူများကို ဝင်ခွင့်မပြုရန် ကြပ်မတ်ရမည်။

၁၈။ မဲစာရင်း၌ အမည်၊ နေရပ်စသည်တို့နှင့်စပ်လျဉ်း၍ အနည်းငယ်မှားယွင်းချွတ်ချော်ခြင်းရှိသော်လည်း ထိုသူသည် မဲစာရင်း၌ ပါသူဖြစ်ကြောင်းကို ယင်းနေထိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ တာဝန်ရှိသူများက ထောက်ခံပြောဆိုလျှင် မဲရုံအဖွဲ့က ထိုသူကို ဆန္ဒမဲပေးခွင့်ပြုရမည်။ မဲရုံမှူးက မဲစာရင်းတွင်ပါရှိသော မှားယွင်းချက်နှင့် ချွတ်ချော်ချက်များကို ပြင်ဆင်ရေးမှတ်၍ မိမိ၏လက်မှတ် ရေးထိုးရမည်။

၁၉။ ဆန္ဒမဲပေးသူသည် ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်ပေါ်ရှိ သတ်မှတ်ထားသောနေရာ၌ ထောက်ခံလျှင် အမှန် (✓) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✗) အမှတ်အသားကိုလည်းကောင်း ရေးခြင်းဖြင့် မိမိ၏ဆန္ဒကို ဖော်ပြရမည်။

၂၀။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် မိမိနေထိုင်သောဆန္ဒခံယူပွဲဒေသမှ ကျော်လွန်၍ ခရီးဝေး သွားလာရန်ရှိကြောင်း အကြောင်းကြားလျှင် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးသူအား ထုတ်မပေးမီ မဲစာရင်းပါ ဆန္ဒမဲပေးခွင့်ရှိသူ၏ အမည်၊ အမျိုးသားမှတ်ပုံတင် အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ် သို့မဟုတ် ယာယီသက်သေခံလက်မှတ်နှင့် ဆန္ဒခံယူပွဲဒေသ၏အမည် စသည်တို့ကို စိစစ်ပြီးနောက် ကြိုတင်ဆန္ဒမဲလက်မှတ်ရရှိ ကြောင်း မဲစာရင်းတွင် လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဗွေပုံစံနှိပ်စေခြင်းပြု၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်ကို ထုတ်ပေးခြင်း၊

(ခ) ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒပြုပုံပြုနည်းကို ဆန္ဒမဲပေး ခွင့်ရှိသူအား ရှင်းလင်းပြသခြင်း၊

(ဂ) ကြိုတင်ဆန္ဒမဲလက်မှတ်တွင် လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ထိခိုက်စေမည့် အမှတ်အသားပါသည်ဟု ဆန္ဒမဲပေးခွင့်ရှိသူက ယူဆ၍ ပြန်လည်လဲလှယ်ပေးရန် တောင်းဆိုလျှင် လဲလှယ် ပေးခြင်း၊

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ်ထုတ်ယူသော ဆန္ဒမဲပေးခွင့်ရှိသူ၏ အမည်ကို သက်ဆိုင်ရာမဲရုံအဖွဲ့အား ကြိုတင်ဆန္ဒမဲလက်မှတ် ထုတ်ယူပြီးကြောင်းသိသာရန် အကြောင်းကြားရမည်။ ယင်း အကြောင်းကြားချက်ကို ရရှိသည့် မဲရုံမှူးသည် မဲစာရင်းပါ

ထိုသူ၏အမည်နေရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ် ထုတ်ပေးပြီးကြောင်း မှတ်ချက်ပြုထားခြင်း။

(င) ကြိုတင်ဆန္ဒမဲလက်မှတ်ထုတ်ယူသောသူကို ယင်းဆန္ဒမဲလက်မှတ်တွင် ဆန္ဒပြုစေပြီးနောက် စာအိတ်ကို အလုံပိတ်၍ ချက်ချင်းပြန်အပ်စေရမည်။ ယင်း ကြိုတင်ဆန္ဒမဲလက်မှတ်ပါသည့်စာအိတ်ကို လုံခြုံစွာသိမ်းဆည်းထားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ပုံစံ (၅) နှင့်အတူ ပေးပို့ခြင်း။

၂၁။ (က) ဆန္ဒမဲပေးသူအသီးသီးအား ဆန္ဒမဲပေးခွင့်ရှိသူအစစ်အမှန်ဖြစ်ကြောင်း စိစစ်ပြီးမှ ဆန္ဒမဲလက်မှတ်တစ်ခုစီ ပေးရမည်။ ဆန္ဒမဲလက်မှတ်ရရှိပြီးကြောင်း ဆန္ဒမဲပေးခွင့်ရှိသူအား မဲစာရင်းတွင် လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဗွေပုံစံနှိပ်စေခြင်းပြုရမည်။ ဆန္ဒမဲလက်မှတ်ပေါ်ရှိ သတ်မှတ်နေရာတွင် မဲရုံမှူးက လက်မှတ်ရေးထိုးရမည်။

(ခ) ဆန္ဒမဲလက်မှတ်တွင် လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ထိခိုက်စေမည့် အမှတ်အသားပါသည်ဟု ဆန္ဒမဲပေးခွင့်ရှိသူက ယူဆ၍ ပြန်လည်လဲလှယ်ပေးရန် တောင်းဆိုလျှင် လဲလှယ်ပေးရမည်။

၂၂။ မျက်မမြင်များနှင့် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ ဆန္ဒမဲပေးရာ၌ ယင်းတို့အား မဲရုံအဖွဲ့က လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို မထိခိုက်စေဘဲ အကူအညီပေးရမည်။

၂၃။ တပ်အချုပ်ကျသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ တပ်မှူးနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရမည်။

၂၄။ (က) နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) အရ မဲရုံပိတ်ပြီးသည့်အခါတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် ၁၀ ဦးထက်

မနည်းသောဆန္ဒမဲပေးခွင့်ရှိသူတို့ရှေ့မှောက်တွင် အောက်ပါတို့ကို ပြုလုပ်ရမည် –

(၁) မဲပုံးကို စစ်ဆေးခြင်း၊

(၂) မဲပုံးကိုဖွင့်ပြီး ဆန္ဒမဲများ ရေတွက်ခြင်း၊

(၃) ဆန္ဒမဲများရေတွက်ရာတွင် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြား၍ ရေတွက်ခြင်းနှင့် စာရင်းပြုစုခြင်း၊

(၄) ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲနှင့် လက်ကျန်ဆန္ဒမဲ လက်မှတ်များကို တစ်ထုပ်စီ လုံခြုံစွာ ထုပ်ပိုးခြင်း။

(ခ) မဲရုံအဖွဲ့သည် မဲစာရင်းပါ ဆန္ဒမဲပေးသူဦးရေစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသော ဆန္ဒမဲလက်မှတ်နှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို ပုံစံ (၆) ဖြင့် စာရင်းပြုစု၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားတင်ပြရန်ရှိပါက အထူးအစီရင်ခံစာကို ပေးပို့နိုင်သည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (ခ) အရ ပေးပို့သောစာရင်းများကို မဲရုံအလိုက် စုစည်း၍ ပုံစံ (၇) ဖြင့် စာရင်းချုပ်ပြုစုပြီး အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး ပေးပို့ရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် –

(၁) နည်းဥပဒေခွဲ (ဂ) အရ ပေးပို့သောစာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စုစည်း၍ ပုံစံ (၈-က) ဖြင့် စာရင်းပြုစုရမည်။

(၂) နည်းဥပဒေ ၂၅ (ဂ)၊ ၂၇ (ဂ)၊ ၂၈ (ဂ)၊ ၂၉ (ဂ) နှင့် ၃၀ (ဂ) တို့အရ ပုံစံ (၈-ခ) ဖြင့် ပေးပို့သော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ယင်းမြို့နယ်အတွင်းရှိ ၁၀ ဦးထက် မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင် ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာတွင် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်၍ ပုံစံ (၈-ဂ) ဖြင့် ပြုစုရမည်။

(၃) နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (င) အရ ပေးပို့သော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ယင်းမြို့နယ်အတွင်းရှိ ၁၀ ဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင်ဖွင့်၍ ကြိုတင်ဆန္ဒမဲများကို ရေတွက်ရမည်။ ယင်းသို့ရေတွက်ရာတွင် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်၍ ပုံစံ (၈-ဃ) ဖြင့် စာရင်းပြုစုရမည်။

(၄) ပုံစံ (၈-က)၊ (၈-ဂ) နှင့် (၈-ဃ) တို့ပါ အချက်အလက်များကို စုပေါင်း၍ ပုံစံ (၈-င) တွင် ထည့်သွင်းပြီး အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယင်း၏မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာခရိုင် ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(င) (၁) နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (၄) အရ ပေးပို့သောစာရင်းများကို ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အလိုက် စုစည်း၍ ပုံစံ (၉-က)နှင့် (၉-ခ) တို့ဖြင့် စာရင်းပြုစုပြီး ကော်မရှင်သို့ ပေးပို့ရမည်။

(၂) ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းထားသောအဖွဲ့များထံမှ ပုံစံ (၉-ဂ) အရ ပေးပို့၍ ရရှိသောဆန္ဒမဲများကို ကော်မရှင်သည် ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့်ပယ်မဲများ ခွဲခြားရေတွက်၍ ပုံစံ (၁၀-က) ဖြင့် စာရင်းပြုစုရမည်။

(၃) ကော်မရှင်သည် ပုံစံ (၄-ခ)၊ (၉-က)၊ (၉-ခ) နှင့် (၁၀-က) တို့ပါ အချက်အလက်များကို စုပေါင်းပြီး ပုံစံ (၁၀-ခ) ဖြင့် စာရင်းပြုစုရမည်။

## အခန်း (၄)

## သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များ အတွက် ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၅။ (က) တပ်မှူးနှင့်အဖွဲ့သည် –

(၁) ဤနည်းဥပဒေများ အခန်း ၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆန္ဒမဲပေးခွင့်ရှိသည့် သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ၏ မဲစာရင်းကို ပြုစုကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသောဆန္ဒမဲပေးခွင့်ရှိသူများအတွက် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) အရ နောက်တိုးမဲစာရင်း

အဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏ အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာ တပ်နှင့် ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များအတွက် လိုအပ်သော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို မိမိတို့ရောက်ရှိရာဒေသရှိ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တောင်းခံရမည်။

(၄) မိမိအခြေပြုရာဆန္ဒခံယူပွဲဒေသအတွင်းမှ အလှမ်း ကွာဝေးသောဒေသတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သတ်မှတ်ထားသောနေ့ရက်တွင် အချိန်မီ ပြန်လည်ပေးပို့နိုင်ရေးအတွက် ကြိုတင်ပေးပို့ရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ညွှန်ကြားထားသည့်အတိုင်း ထောက်ခံလျှင် အမှန် (✔) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✘) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာ အမှတ်အသားပြုပြီး စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို အလုံပိတ်၍ တပ်မှူးနှင့်အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) တပ်မှူးနှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသောစာအိတ်များ၊ ပယ်မဲစာရင်း၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်၍ ပုံစံ (၈-ခ)

ဖြင့် စာရင်းပြုစုပြီး သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်ရမည်။

## အခန်း (၅)

## နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များအတွက် ဆန္ဒမဲပေးရန်နည်းလမ်းများ

၂၆။ (က) သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးနှင့်အဖွဲ့သည် –

(၁) ဤနည်းဥပဒေများပါ အခန်း ၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆန္ဒမဲပေးခွင့်ရှိသူများ၏ မဲစာရင်းကို ပြုစု၍ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသောဆန္ဒမဲပေးခွင့်ရှိသူများအတွက် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) အရ နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် ကော်မရှင်သို့ အကြောင်းကြားရမည်။

(၃) ဆန္ဒမဲပေးခွင့်ရှိသူများအတွက် လိုအပ်သော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကော်မရှင်သို့ တောင်းခံရမည်။

(၄) သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးက သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် ဆန္ဒမဲပေးခွင့်ရှိသူများကို စုစည်း၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များ ထုတ်ပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ညွှန်ကြားထားသည့်အတိုင်း ထောက်ခံလျှင် အမှန် (✔) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✘) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာ အမှတ်အသားပြု၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို အလုံပိတ်၍ သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့်အဖွဲ့ထံ ပေးရမည်။

(ဂ) သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသောစာအိတ်များ၊ ပယ်မဲစာရင်း၊ လက်ခံရရှိသော ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်၍ ပုံစံ (၉-ဂ) အတိုင်း စာရင်းပြုစုပြီး အစီရင်ခံစာနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ အမြန်ဆုံး ပေးပို့ရမည်။

(ဃ) (၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်မတိုင်မီ ပြည်ထောင်စုမြန်မာနိုင်ငံသို့ နိုင်ငံခြားမှ ပြန်လည်ရောက်ရှိနေသော မြန်မာနိုင်ငံ၏သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပညာတော်သင်များနှင့် မိသားစုဝင်များ၊ ပြည်ပဌာ အလုပ်ဝတ္တရားအတွက် အစိုးရခန့်ထားခြင်းခံရသော အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင် ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ

သည် မိမိတို့ နေထိုင်ရာဒေသ၏ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိ တို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ် မဲ စာရင်းတွင်ဖြည့်စွက်ရန် တင်ပြနိုင်သည်။

(၂) ယင်းသို့တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်း ဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ စိစစ်၍နောက်တိုး မဲစာရင်းအဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံ၌ပင် ဆန္ဒမဲ ပေးခွင့်ပြုရမည်။

## အခန်း (၆)

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းစသည်တို့တွင် ပညာသင်ကြားနေကြသော ကျောင်းသူ၊ ကျောင်းသား များနှင့် ဂေဟာတွင် နေထိုင်ကြသူများအတွက် ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၇။ (က) တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ်ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီ ကောလိပ်၊ ကောလိပ်၊ သိပ္ပံ သို့မဟုတ် ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်း ကျောင်း၏အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူး နှင့်အဖွဲ့သည် –

(၁) ဆန္ဒမဲပေးခွင့်ရှိသူများ၏ မဲစာရင်းကို ဤနည်းဥပဒေ များပါ အခန်း ၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြုစု ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) အရ နောက်တိုး မဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏ အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြား ရမည်။

(၃) သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် ဆန္ဒမဲပေးခွင့်ရှိသူများကို စုစည်း၍ ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များ ပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ညွှန်ကြားထားသည့်အတိုင်း ထောက်ခံလျှင် အမှန် (✔) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✘) အမှတ်အသားကိုလည်း ကောင်း လျှို့ဝှက်စွာ အမှတ်အသားပြု၍ စာအိတ်တွင်ထည့် ကာ ယင်းစာအိတ်ကို အလုံပိတ်၍ နည်းဥပဒေခွဲ (က) ပါ အဖွဲ့များထံ ပေးအပ်ရမည်။

(ဂ) နည်းဥပဒေခွဲ (က) ပါ အဖွဲ့များသည် မဲစာရင်း၊ ဆန္ဒမဲပေး သူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ် များ၊ ပယ်မဲစာရင်း၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ် စာရင်းနှင့် လက်ကျန် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်၍ ပုံစံ (၈-ခ) ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ သို့ ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်း ကြေညာပြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသူများသည် ရောက်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ယင်းတို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်း တွင် ဖြည့်စွက်ရန် တင်ပြနိုင်သည်။

(င) ယင်းတို့တင်ပြသည့်အခါတွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ စိစစ်၍ နောက်တိုးမဲစာရင်းအဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု မဲရုံ၌ပင် ဆန္ဒမဲပေးခွင့်ပြုရမည်။

## အခန်း (၇)

## ဆေးရုံတွင်တက်ရောက်ကုသနေသူများနှင့် တာဝန်ကျသော ဝန်ထမ်းများအတွက် ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၈။ (က) ဆေးရုံအုပ်ကြီးနှင့်အဖွဲ့သည် –

(၁) ဤနည်းဥပဒေများပါ အခန်း ၂ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆန္ဒမဲပေးခွင့်ရှိသောဆေးရုံတွင် တက်ရောက် ကုသနေသူများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ သည့်နေ့တွင် ဆေးရုံ၌ တာဝန်ကျနေသော ဝန်ထမ်း များ၏ မဲစာရင်းကို ပြုစု၍ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းပြုစုပြီးမှ ဆေးရုံသို့ တက်ရောက်ကုသနေသော ဆန္ဒမဲပေးခြင်း မပြုရသေးသည့် ဆန္ဒမဲပေးခွင့်ရှိသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် ဆေးရုံမှ ဆင်းနိုင်သည့် အခြေအနေမရှိပါက ယင်းတို့၏ အမည်များကို နောက်တိုးမဲစာရင်းအဖြစ် ဖြည့်စွက်၍ ကြိုတင်ဆန္ဒမဲပေးခွင့် ပြုရမည်။ ယင်းတို့၏အမည်ကို မူလစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) မိမိတို့ဆေးရုံရှိ ဆန္ဒမဲပေးခွင့်ရှိသူများကို သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် စုစည်း၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များ ပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ညွှန်ကြားထားသည့်အတိုင်း ထောက်ခံလျှင် အမှန် (✔) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✘) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာ အမှတ်အသားပြု၍ စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို အလုံပိတ်၍ ဆေးရုံအုပ်ကြီးနှင့် အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) ဆေးရုံအုပ်ကြီးနှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများစာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ ပယ်မဲစာရင်း၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန် ကြိုတင်ဆန္ဒမဲလက်မှတ်များကို

လိုခြုံစွာထုပ်၍ ပုံစံ (၈-ခ) ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
သို့ ပေးအပ်ရမည်။

## အခန်း (၈)

## အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများအတွက် ဆန္ဒမဲပေးရန် နည်းလမ်းများ

၂၉။ (က) လုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့သည် -

(၁) ဤနည်းဥပဒေများပါ အခန်း ၂ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆန္ဒမဲပေးခွင့်ရှိသူများ၏စာရင်းကို ပြုစု၍ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများအတွက် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) အရ နောက်တိုး မဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏ အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြား ရမည်။

(၃) ဆန္ဒမဲပေးခွင့်ရှိသူများကို သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် စုစည်း၍ ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ညွှန်ကြားထားသည့်အတိုင်း ထောက်ခံလျှင် အမှန် (✔) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✘) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာ အမှတ်အသားပြုပြီး စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို အလုံပိတ်၍ လုပ်ငန်းခွင် အကြီးအမှူးနှင့်အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) လုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများ စာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ ပယ်မဲစာရင်း၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်၍ ပုံစံ (၈-ခ) ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် အခြားဒေသတစ်ခုသို့ ရောက်ရှိသွားသူသည် မိမိရောက်ရှိသည့်ဒေသ၏ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိတို့၏အမည်များကို နောက်တိုးမဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်ရန် တင်ပြနိုင်သည်။

(င) ယင်းသို့ တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ စိစစ်၍ နောက်တိုးမဲစာရင်း

အဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံ၌ပင် ဆန္ဒမဲပေးခွင့်ပြုရမည်။

## အခန်း (၉)

## ရဲစခန်းနှင့် အကျဉ်းထောင်များရှိ အချုပ်သားများအတွက် ဆန္ဒမဲပေးရန် နည်းလမ်းများ

၃၀။ (က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူးနှင့်အဖွဲ့ သို့မဟုတ် ထောင်ပိုင်နှင့်အဖွဲ့သည် -

(၁) ဤနည်းဥပဒေများပါ အခန်း ၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မိမိနှင့်သက်ဆိုင်သော ရဲစခန်းအချုပ် သို့မဟုတ် အကျဉ်းထောင်ရှိ ဆန္ဒမဲပေးခွင့်ရှိသူများ၏ မဲစာရင်းကို ပြုစု၍ ကြေညာရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ ရဲစခန်းအချုပ် သို့မဟုတ် အကျဉ်းထောင်သို့ ရောက်ရှိလာသော ဆန္ဒမဲပေးခွင့်ရှိသူများ၏ အမည်များကို နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) အရ နောက်တိုး မဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်နိုင်သည်။ ယင်းတို့၏အမည်များကို မူလမဲစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(၃) ဆန္ဒမဲပေးခွင့်ရှိသူများကို သတ်မှတ်သောနေ့ရက်၊ သတ်မှတ်သောနေရာတွင် စုစည်း၍ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များပေးရမည်။

(ခ) သတ်မှတ်ထားသောအချိန်အတွင်း ဆန္ဒမဲပေးခွင့်ရှိသူသည် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ညွှန်ကြားထားသည့်အတိုင်း ထောက်ခံလျှင် အမှန် (✔) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✘) အမှတ်အသားကိုလည်းကောင်း လျှို့ဝှက်စွာ အမှတ်အသားပြုပြီး စာအိတ်တွင်ထည့်ကာ ယင်းစာအိတ်ကို အလုံပိတ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူးနှင့်အဖွဲ့ သို့မဟုတ် ထောင်ပိုင်နှင့်အဖွဲ့ထံ ပေးအပ်ရမည်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူးနှင့်အဖွဲ့ သို့မဟုတ် ထောင်ပိုင်နှင့်အဖွဲ့သည် မဲစာရင်း၊ ဆန္ဒမဲပေးသူများ စာရင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ပါရှိသော စာအိတ်များ၊ ပယ်မဲစာရင်း၊ လက်ခံရရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းနှင့် လက်ကျန်ကြိုတင်ဆန္ဒမဲလက်မှတ်များကို လုံခြုံစွာထုပ်၍ ပုံစံ (၈-ခ) ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ သို့ ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) အရ မဲစာရင်းကြေညာပြီးမှ မိမိနေရပ်သို့ ပြန်ရောက်လာသူသည် မိမိရောက်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိ၏အမည်ကို နောက်တိုး မဲစာရင်းအဖြစ် မဲစာရင်းတွင် ဖြည့်စွက်ရန် တင်ပြနိုင်သည်။

(င) ယင်းသို့ တင်ပြသည့်အခါတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေ

၁၁။ နည်းဥပဒေခွဲ (က) အရ စိစစ်၍ နောက်ဆုံးမဲစာရင်း အဖြစ် ဖြည့်စွက်ထည့်သွင်းပြီး ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံ၌ပင် ဆန္ဒမဲပေးခွင့်ပြုရမည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပုံစံ (၁)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မဲစာရင်းများ

-------------------- ဆန္ဒခံယူပွဲဒေသ၊ -------------------- မဲရုံ၊ -------------------- မြို့နယ်၊ -------------------- ခရိုင်၊ -------------------- ပြည်/တိုင်း

| အမှတ်စဉ် | ဆန္ဒမဲပေးခွင့်ရှိသူ၏ အမည် | ကျား | မ | အသက် | ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ် | အဖအမည် | အမိအမည် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

ပုံစံ (၂)

သို့

ဥက္ကဋ္ဌ

မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

______________ မြို့နယ်

အကြောင်းအရာ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူပွဲ ဒေသအလိုက် ဆန္ဒမဲပေးခွင့် ရှိသူများစာရင်း တင်ပြခြင်း

______________ ပြည်နယ် သို့မဟုတ် တိုင်း၊ ______________ ခရိုင်၊ ______________ မြို့နယ်၊ ______________ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲပုံစံ (၁) ပါ မဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ ______________ ဦး (စာဖြင့် ______________________) ရှိကြောင်း ကြိုတင်အစီရင်ခံ တင်ပြအပ်ပါသည်။ [ ပုံစံ (၁) ပူးတွဲ ]

ဥက္ကဋ္ဌ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

______________ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

ပုံစံ (၃)

သို့

ဥက္ကဋ္ဌ
ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ
.................... ပြည်နယ် သို့မဟုတ် တိုင်း

အကြောင်းအရာ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူပွဲကျင်းပမည့် မြို့နယ်အလိုက် ဆန္ဒမဲပေးခွင့် ရှိသူများစာရင်း တင်ပြခြင်း

__________ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်း ................ မှ ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေစာရင်းကို အောက်တွင်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည်။

| အမှတ်စဉ် | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည် | ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာဖြင့် | |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| | စုစုပေါင်း | | | |

ဥက္ကဋ္ဌ
မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
_______ မြို့နယ်

မိတ္တူကို -
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

ပုံစံ (၄ - က)

သို့

ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်

အကြောင်းအရာ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူပွဲကျင်းပမည့် ပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း

—————— ပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ———— မှ မြို့နယ်အလိုက် ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေစာရင်းကို အောက်တွင်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည်။

| အမှတ်စဉ် | မြို့နယ်အမည် | ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာဖြင့် | |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| | စုစုပေါင်း | | | |

ဥက္ကဋ္ဌ
ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ
—————— ပြည်နယ် သို့မဟုတ် တိုင်း

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်
## ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ပြည်နယ်နှင့် တိုင်းအလိုက် ဆန္ဒမဲ ပေးခွင့်ရှိသူများ စာရင်းချုပ်
## ( နည်းဥပဒေ ၆ )

| အမှတ်စဉ် | ပြည်နယ် သို့မဟုတ် တိုင်းအမည် | ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ဂဏာန်းဖြင့် | စာဖြင့် | |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| | စုစုပေါင်း | | | |

ဥက္ကဋ္ဌ

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်

ပုံစံ (၅)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

ခရီးသွားသူများအား ထုတ်ပေးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက်

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက

အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၀ (င) ]

―――――― ပြည်နယ် သို့မဟုတ် တိုင်း၊ ―――――― ခရိုင်၊ ―――――― မြို့နယ်၊

―――――― ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | မြို့နယ်ကော်မရှင် အဖွဲ့ထံမှ လက်ခံရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | ထုတ်ပေးသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | ပြန်လည်ရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | လက်ကျန် ကြိုတင်ဆန္ဒမဲလက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ

အမည်နှင့်လက်မှတ်

၁။ ဥက္ကဋ္ဌ ――――――――――

၂။ အဖွဲ့ဝင် ――――――――――

၃။ အဖွဲ့ဝင် ――――――――――

၄။ အဖွဲ့ဝင် ――――――――――

၅။ အတွင်းရေးမှူး ――――――――――

ပုံစံ (၆)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
# မဲရုံတွင် မဲရေတွက်ရာ၌ အသုံးပြုရမည့်စာရင်း
# [ နည်းဥပဒေ ၂၄ (ခ) ]

............ ပြည်နယ် သို့မဟုတ် တိုင်း၊ ............ ခရိုင်၊ ............ မြို့နယ်၊

............ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသ၊ ............ မဲရုံအမှတ်

| ဆန္ဒမဲပေးသူဦးရေ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | လက်ခံရရှိသည့်ဆန္ဒမဲလက်မှတ် | လက်ကျန်ဆန္ဒမဲလက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | | |

သက်သေများ အမည်နှင့် လက်မှတ်

၁။ ................

၂။ ................

၃။ ................

၄။ ................

၅။ ................

မဲရုံအဖွဲ့ဝင်များ အမည်နှင့် လက်မှတ်

၁။ မဲရုံမှူး ................

၂။ အဖွဲ့ဝင် ................

၃။ အဖွဲ့ဝင် ................

၄။ အဖွဲ့ဝင် ................

၅။ အဖွဲ့ဝင် ................

ပုံစံ (၇)

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ပြုစုရမည့်စာရင်း
## [ နည်းဥပဒေ ၂၄ (က) ]

_______ ပြည်နယ် သို့မဟုတ် တိုင်း၊ _______ ခရိုင်၊ _______ မြို့နယ်၊

_______ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | မဲရုံအမှတ် | ဆန္ဒမဲပေးသူဦးရေ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ် | လက်ကျန် ဆန္ဒမဲ လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| စုစုပေါင်း | | | | | | | | |

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ

အမည်နှင့် လက်မှတ်

၁။ ဥက္ကဋ္ဌ _______________

၂။ အဖွဲ့ဝင် _______________

၃။ အဖွဲ့ဝင် _______________

၄။ အဖွဲ့ဝင် _______________

၅။ အတွင်းရေးမှူး _______________

ပုံစံ (၈ - ဃ)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပုံစံ (၇) ဖြင့် ပေးပို့သော ဆန္ဒမဲစာရင်းများကို စုစည်းရာတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲက အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၄ (ဃ) (၁) ]

______________ ပြည်နယ် သို့မဟုတ် တိုင်း၊ ______________ ခရိုင်၊

______________ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | ရပ်ကွက်သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင် အဖွဲ့ခွဲ | ဆန္ဒမဲပေးသူဦးရေ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ် | လက်ကျန် ဆန္ဒမဲ လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| စုစုပေါင်း | | | | | | | | |

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များအမည်နှင့် လက်မှတ်

၁။ ဥက္ကဋ္ဌ ______________

၂။ အဖွဲ့ဝင် ______________

၃။ အဖွဲ့ဝင် ______________

၄။ အဖွဲ့ဝင် ______________

၅။ အတွင်းရေးမှူး ______________

ပုံစံ (၈ - ခ)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

## ပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော်သားများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်း၊ ဂေဟာ၊ ဆေးရုံ၊ အကျဉ်းစခန်း စသည်တို့နှင့် သက်ဆိုင်သော အဖွဲ့များက အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၅ (ဃ)၊ ၂၇ (ဃ)၊ ၂၈ (ဃ)၊ ၂၉ (ဃ)၊ ၃၀ (ဃ) ]

________ ပြည်နယ် သို့မဟုတ် တိုင်း၊ ________ ခရိုင်၊ ________ မြို့နယ်၊

| အမှတ်စဉ် | လက်ခံရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | ထုတ်ပေးသည့် ကြိုတင် ဆန္ဒမဲလက်မှတ် | ပြန်လည်ရရှိသည့် ကြိုတင် ဆန္ဒမဲလက်မှတ် | ပြန်လည်မရရှိသည့် ကြိုတင် ဆန္ဒမဲလက်မှတ် သို့မဟုတ် ပယ်မဲ | လက်ကျန် ကြိုတင် ဆန္ဒမဲလက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | | |

အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ အမည်နှင့်လက်မှတ်

၁။ အဖွဲ့ခေါင်းဆောင် ________

၂။ အဖွဲ့ဝင် ________

၃။ အဖွဲ့ဝင် ________

၄။ အဖွဲ့ဝင် ________

၅။ အဖွဲ့ဝင် ________

ပုံစံ (၈ - ဂ)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

## ပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော်သားများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်း၊ ဝေဟာ၊ ဆေးရုံ၊ အကျဉ်းစခန်း စသည်တို့နှင့် သက်ဆိုင်သော အဖွဲ့များထံမှ ရရှိသော ကြိုတင်ဆန္ဒမဲများ ရေတွက်ရာ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၄ (ဃ) (၂) ]

______ ပြည်နယ် သို့မဟုတ် တိုင်း၊ ______ ခရိုင်၊ ______ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | အဖွဲ့ | ဆန္ဒမဲပေးသူဦးရေ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | လက်ခံရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | လက်ကျန် ကြိုတင်ဆန္ဒမဲလက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| စုစုပေါင်း | | | | | | | | |

| သက်သေများ အမည်နှင့် လက်မှတ် | | မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ အမည်နှင့်လက်မှတ် | |
|---|---|---|---|
| ၁။ | ________________ | ၁။ ဥက္ကဋ္ဌ | ________________ |
| ၂။ | ________________ | ၂။ အဖွဲ့ဝင် | ________________ |
| ၃။ | ________________ | ၃။ အဖွဲ့ဝင် | ________________ |
| ၄။ | ________________ | ၄။ အဖွဲ့ဝင် | ________________ |
| ၅။ | ________________ | ၅။ အတွင်းရေးမှူး | ________________ |

ပုံစံ (၈ - ဃ)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
# ခရီးသွားသူများ၏ ကြိုတင်ဆန္ဒမဲ လက်မှတ်များ ရေတွက်ရာ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၄ (ဃ) (၃) ]

________ ပြည်နယ် သို့မဟုတ် တိုင်း၊ ________ ခရိုင်၊ ________ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ | လက်ခံရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | ထုတ်ပေးသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | ကြွင်းကျန်သည့် ကြိုတင်ဆန္ဒမဲလက်မှတ် | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | လက်ကျန် ကြိုတင်ဆန္ဒမဲ လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | | | | | | |
| စုစုပေါင်း | | | | | | | | | |

သက်သေများ အမည်နှင့် လက်မှတ်

၁။ ........................

၂။ ........................

၃။ ........................

၄။ ........................

၅။ ........................

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ အမည်နှင့်လက်မှတ်

၁။ ဥက္ကဋ္ဌ ........................

၂။ အဖွဲ့ဝင် ........................

၃။ အဖွဲ့ဝင် ........................

၄။ အဖွဲ့ဝင် ........................

၅။ အတွင်းရေးမှူး ........................

ပုံစံ (၈ - င)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

## ပုံစံ (၈ - က)၊ (၈ - ဂ) နှင့် (၈ - ဃ) တို့ပါ အချက်များကို စုပေါင်းရာတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၄ (ဃ) (၄) ]

_______________ ပြည်နယ် သို့မဟုတ် တိုင်း၊ _______________ ခရိုင်၊

_______________ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | စုစုပေါင်းဆန္ဒမဲပေးသူဦးရေ | စုစုပေါင်းထောက်ခံမဲ | စုစုပေါင်းကန့်ကွက်မဲ | စုစုပေါင်းပယ်မဲ | လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ် | စုစုပေါင်းလက်ကျန် ဆန္ဒမဲလက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| (က)<br>(ခ) | | | | | | | |
| (ဂ) | | | | | | | |

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ အမည်နှင့်လက်မှတ်

မှတ်ချက်

- အမှတ်စဉ် (က) တွင် ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒပြုသော မဲအရေအတွက်ကိုဖော်ပြရန်
- အမှတ်စဉ် (ခ) တွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒပြုသောမဲအရေအတွက်ကိုဖော်ပြရန်
- အမှတ်စဉ် (ဂ) တွင် (က) နှင့် (ခ) စုစုပေါင်းကို ဖော်ပြရန်

၁။ ဥက္ကဋ္ဌ _______________
၂။ အဖွဲ့ဝင် _______________
၃။ အဖွဲ့ဝင် _______________
၄။ အဖွဲ့ဝင် _______________
၅။ အတွင်းရေးမှူး _______________

ပုံစံ (၉ - ဓ)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲစာရင်းများစုစည်းရာတွင် ပြည်နယ် သို့မဟုတ် တိုင်း ကော်မရှင်အဖွဲ့ခွဲက အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၄ (င) (၁)]

------------------ ပြည်နယ် သို့မဟုတ် တိုင်း ကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | မြို့နယ်ကော်မရှင်အဖွဲ့ခွဲ | ဆန္ဒမဲပေးသူဦးရေ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် | လက်ကျန် ဆန္ဒမဲ လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| စုစုပေါင်း | | | | | | | | |

ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ အမည်နှင့်လက်မှတ်

၁။ ဥက္ကဋ္ဌ ------------------------

၂။ အဖွဲ့ဝင် ------------------------

၃။ အဖွဲ့ဝင် ------------------------

၄။ အဖွဲ့ဝင် ------------------------

၅။ အတွင်းရေးမှူး ------------------------

ပုံစံ (၉ - ခ)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းများကို စုစည်းရာတွင် ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲကအသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၄ (င) (၁)]

---------------------- ပြည်နယ် သို့မဟုတ် တိုင်း ကော်မရှင်အဖွဲ့ခွဲ

| အမှတ်စဉ် | မြို့နယ်ကော်မရှင်အဖွဲ့ခွဲ | ကြိုတင်ဆန္ဒမဲလက်မှတ်ပြား ဆန္ဒမဲပေးသူဦးရေ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | ထုတ်ပေးသည့်ကြိုတင် ဆန္ဒမဲလက်မှတ် | ပလပ်ကြိုတင် ဆန္ဒမဲလက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| စုစုပေါင်း | | | | | | | | |

ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ အမည်နှင့်လက်မှတ်

၁။ ဥက္ကဋ္ဌ ------------------------------

၂။ အဖွဲ့ဝင် ------------------------------

၃။ အဖွဲ့ဝင် ------------------------------

၄။ အဖွဲ့ဝင် ------------------------------

၅။ အတွင်းရေးမှူး ------------------------------

ပုံစံ (၉ - ၁)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ
# နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများနှင့် သက်ဆိုင်သောအဖွဲ့က
# အသုံးပြုရမည့်စာရင်း
## [ နည်းဥပဒေ ၂၆ (၁) ]

-------------- နိုင်ငံ၊ --------------- မြို့၊ ------------ အဖွဲ့

| အမှတ်စဉ် | လက်ခံရရှိသည့် ကြိုတင် ဆန္ဒမဲလက်မှတ် | ထုတ်ပေးသည့် ကြိုဘင် ဆန္ဒမဲလက်မှတ် | ပြန်လည်ရရှိသည့် ကြိုတင် ဆန္ဒမဲလက်မှတ် | ပယ်မဲ | လက်ကျန် ကြိုတင်ဆန္ဒမဲ လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | | |

အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ အမည်နှင့်လက်မှတ်

၁။ အဖွဲ့ခေါင်းဆောင် ------------------

၂။ အဖွဲ့ဝင် ----------------------

၃။ အဖွဲ့ဝင် ----------------------

၄။ အဖွဲ့ဝင် ----------------------

၅။ အဖွဲ့ဝင် ----------------------

ပုံစံ (၁၀ - ဏ)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများနှင့် သက်ဆိုင်သောအဖွဲ့များထံမှ

ပုံစံ (၉ - ဝ) အရ ရရှိသောကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ရာတွင်

ကော်မရှင်က အသုံးပြုရမည့်စာရင်း

[ နည်းဥပဒေ ၂၄ (င) (၂)]

| အမှတ်စဉ် | အဖွဲ့ | ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသူဦးရေ | ထောက်ခံမဲ | ကန့်ကွက်မဲ | ပယ်မဲ | ထုတ်ပေးသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | လက်ကျန် ကြိုတင်ဆန္ဒမဲ လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| စုစုပေါင်း | | | | | | | | |

ကော်မရှင်အဖွဲ့ဝင်များ အမည်နှင့် လက်မှတ်

၁။ ဥက္ကဋ္ဌ ---------------------

၂။ အဖွဲ့ဝင် ---------------------

၃။ အဖွဲ့ဝင် ---------------------

၄။ အဖွဲ့ဝင် ---------------------

၅။ အတွင်းရေးမှူး ---------------------

ပုံစံ (၁၀ - ခ)

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

## ပုံစံ (၄ - ခ)၊ (၉ - က)၊ (၉ - ခ) နှင့် (၁၀ - က) တို့ပါအချက်များကို စုပေါင်းရာတွင် ကော်မရှင်က အသုံးပြုရမည့် စာရင်း

## [ နည်းဥပဒေ ၂၄ (င) (၃) ]

| အမှတ်စဉ် | ပုံစံ (၄-ခ) အရ စုစုပေါင်း ဆန္ဒမဲပေးခဲ့သည့်ဦးရေ | စုစုပေါင်း ဆန္ဒမဲ ပေးသည့်ဦးရေ | စုစုပေါင်း ထောက်ခံမဲ | စုစုပေါင်း ကန့်ကွက်မဲ | စုစုပေါင်း ပယ်မဲ | စုစုပေါင်း ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် | စုစုပေါင်း ပျက်စီးသော ဆန္ဒမဲလက်မှတ် | ထောက်ခံသည့် ဆန္ဒမဲ ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| (က) | | | | | | | | | |
| (ခ) | | | | | | | | | |
| (ဂ) | | | | | | | | | |
| (ဃ) | | | | | | | | | |

**မှတ်ချက်**

(က) = ပုံစံ (၉-က) နှင့်ဆိုင်ရာကိန်းဂဏန်းများ၊

(ခ) = ပုံစံ (၉-ခ) နှင့်ဆိုင်ရာကိန်းဂဏန်းများ၊

(ဂ) = ပုံစံ (၁၀-က) နှင့်ဆိုင်ရာကိန်းဂဏန်းများ၊

(ဃ) = စုစုပေါင်းကိန်းဂဏန်းများ၊

**ကော်မရှင်အဖွဲ့ဝင်များ အမည်နှင့်လက်မှတ်**

၁။ ဥက္ကဋ္ဌ ____________

၂။ အဖွဲ့ဝင် ____________

၃။ အဖွဲ့ဝင် ____________

၄။ အဖွဲ့ဝင် ____________

၅။ အတွင်းရေးမှူး ____________

(အမိန့်အမှတ် ၁/၂၀၀၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁/၂၀၀၈)

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းအား ကျန်းမာရေးအခြေအနေအရ ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၂/၂၀၀၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၂/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

## အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၃/၂၀၀၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၃/၂၀၀၈)
၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

## အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၁ / ၂၀၀၈)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## (ကြေညာချက်အမှတ် ၁/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၁။ နိုင်ငံတော်တွင် ပြည်သူတို့၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် လိုအပ်သဖြင့် ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့ရပါသည်။ ထို့နောက် ၂၀၀၄ ခုနှစ်တွင် ပြန်လည်ခေါ်ယူကျင်းပခဲ့ရာ ၂၀၀၇ ခုနှစ်၌ အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

၂။ အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့စသည့် အစုအဖွဲ့ပေါင်း (၈) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော် တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

၃။ အဆိုပါ ကိုယ်စားလှယ်များတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်တို့ကို ကိုယ်စားပြုသည့် မြို့နယ်တိုင်းမှ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြပါ

သည်။ ထို့အတူ အခြား ဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်တက်ရောက်ခွင့်ပြုခဲ့ပါသည်။

၄။ အဆိုပါ အမျိုးသားညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၂/၂၀၀၇ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်သည် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိရာ မကြာမီ ပြီးစီးတော့မည် ဖြစ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၂/၂၀၀၈)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## (ကြေညာချက်အမှတ် ၂/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၁။ တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက်အုံကြွမှုများကြောင့် နိုင်ငံတော်၏တာဝန်ကို မလွှဲမရှောင်သာ ရယူခဲ့ရပါသည်။

၂။ ထိုအချိန်မှစ၍ ပျက်ပြားသွားသော နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိအောင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခဲ့သည့်နည်းတူ ပြည်သူများအနေဖြင့် ပရိယေသနဝမ်းစာရှာဖွေမှုကို လွတ်လပ်အေးချမ်းစွာ လုပ်ကိုင်နိုင်ရန်လည်း ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ရှေ့ရှုပြီး ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်း၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို အစုအဖွဲ့လိုက် တည်ဆောက်ပေးခြင်း၊ တစ်မျိုးသားလုံးအတွက် စားရေရိက္ခာဖူလုံစိတ်ချရစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်စေရန် စီမံဖော်ဆောင်ခြင်းတို့ကို အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့ပါသည်။

၄။ ထို့အပြင် စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်ပိုင်းမှ စက်မှုလုပ်ငန်းကြီးများ တည်ထောင်ဆောင်ရွက်

ပြီး ပုဂ္ဂလိကပိုင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်လည်း စက်မှုဇုန်များ ထူထောင်၍ အားပေးခဲ့ပါသည်။

၅။ နိုင်ငံတော်တွင် ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဈေးကွက်စီးပွားရေး စနစ်ကို ဖော်ဆောင်ရန်အတွက် ပြည်တွင်းပြည်ပကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတို့နှင့် လက်တွဲဆောင်ရွက်ပေးခဲ့ပါသည်။

၆။ နိုင်ငံတော်အတွင်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို စီမံကိန်းဖြင့် ဆောင်ရွက်ပေးခဲ့သည့်နည်းတူ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်သွယ်သွားလာနိုင်ရေးအတွက် ရေခြားမြေခြား အဟန့်အတားများကို ဖယ်ရှားပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် တည်ဆောက်ပေးခဲ့ပါသည်။

၇။ နိုင်ငံတော်အတွင်း လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကွာဟမှု နည်းနိုင်သမျှ နည်းစေရန်အတွက် အထူးဒေသကြီး (၂၄) ခု သတ်မှတ်၍ တက္ကသိုလ်များ၊ ကျောင်းများကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့အတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အထူးကုဆေးရုံကြီးများ၊ ဆေးရုံများနှင့် ကျေးလက်ဆေးရုံများကို တိုးချဲ့မြှင့်တင်ပေးခြင်း၊ အသစ် တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၈။ ဤကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသားတို့အတွက် အခြေခံကောင်း များ ဖြစ်ပေါ်တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခုအခါ ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း အခြေခံလိုအပ်သည့် တည်ဆောက်မှု များကိုမူ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၉။ ထိုသို့ အခြေခံကောင်းများကို တည်ဆောက်ပေးပြီးဖြစ်သည့် အတွက် နိုင်ငံတော်တွင် တပ်မတော်မှ တာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမို

ကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန် သင့်တော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပပေးမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၃/၂၀၀၈)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## (ကြေညာချက်အမှတ် ၃/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

### ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဖွဲ့စည်းခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၈ ဖြင့် ပြဋ္ဌာန်းထားသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၏ အခန်း (၃)၊ ပုဒ်မ ၅ (က) အရ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည် –

| | | |
|---|---|---|
| ၁။ | ဦးအောင်တိုး | ဥက္ကဋ္ဌ |
| ၂။ | ဦးအင်ဇော်နော် | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းယီကျန်း | အဖွဲ့ဝင် |
| ၄။ | ဦးမျိုးတင့် | အဖွဲ့ဝင် |
| ၅။ | ဦးစောဝင်းအောင် | အဖွဲ့ဝင် |
| ၆။ | ဦးခက်ထိန်နန်း | အဖွဲ့ဝင် |
| ၇။ | ဦးလန်းဖုန်း | အဖွဲ့ဝင် |
| ၈။ | ဦးထမိုင်ယုံ | အဖွဲ့ဝင် |

၉။ ဦးကျော်ဒင် (ခ) ဦးထေးရယ် အဖွဲ့ဝင်
၁၀။ ဦးကျော်ထွန်း အဖွဲ့ဝင်
၁၁။ ဦးစောလှိုင် အဖွဲ့ဝင်
၁၂။ ဒေါက်တာမှုထန် အဖွဲ့ဝင်
၁၃။ ဦးရှိသီး အဖွဲ့ဝင်
၁၄။ ဒေါက်တာမောင်ထူး အဖွဲ့ဝင်
၁၅။ ဦးမောင်လှ (ခ) ဦးလှမြင့် အဖွဲ့ဝင်
၁၆။ ဦးချစ်မောင် အဖွဲ့ဝင်
၁၇။ ဦးချစ်လှ အဖွဲ့ဝင်
၁၈။ ဒေါက်တာအောင်ဆန်းဝင်း အဖွဲ့ဝင်
၁၉။ ဦးအေးမောင် အဖွဲ့ဝင်
၂၀။ ဒေါက်တာထွန်းရှင် အဖွဲ့ဝင်
၂၁။ ဦးထွန်းထွန်းဦး အဖွဲ့ဝင်
၂၂။ ဦးတင်မောင် အဖွဲ့ဝင်
၂၃။ ဦးအောင်မြို့ အဖွဲ့ဝင်
၂၄။ ဦးခွန်အောင်ငြိမ်း အဖွဲ့ဝင်
၂၅။ ဦးသိန်းရွှေမောင် အဖွဲ့ဝင်
၂၆။ ဦးကြာထွန်း အဖွဲ့ဝင်
၂၇။ ဦးသောင်းညွန့် အဖွဲ့ဝင်
၂၈။ ဒေါက်တာတင်အောင်အေး အဖွဲ့ဝင်
၂၉။ ဦးတင်အေး အဖွဲ့ဝင်
၃၀။ ဦးမြတ်သူ အဖွဲ့ဝင်
၃၁။ ဦးစံလွင် အဖွဲ့ဝင်
၃၂။ ဦးစိုင်းထွန်းမြတ် အဖွဲ့ဝင်

၃၃။ ဦးမောင်လေး အဖွဲ့ဝင်
၃၄။ ဦးဆိုင်ပေါင်းနပ် အဖွဲ့ဝင်
၃၅။ ဦးစိုင်းစံတင် အဖွဲ့ဝင်
၃၆။ ဦးထွန်းရင် အဖွဲ့ဝင်
၃၇။ ဦးတီခွန်မြတ် အဖွဲ့ဝင်
၃၈။ ဦးအားလယ် အဖွဲ့ဝင်
၃၉။ ဦးစိုင်းရီတစ် အဖွဲ့ဝင်
၄၀။ ဦးဒါယေလှ အဖွဲ့ဝင်
၄၁။ ဦးတင်ဆန်း အဖွဲ့ဝင်
၄၂။ ဦးမြတ်ကို အဖွဲ့ဝင်
၄၃။ ဦးမောင်မောင်သန်း အဖွဲ့ဝင်
၄၄။ ဦးဝင်းကို အတွင်းရေးမှူး
၄၅။ ဦးသန်းအောင် တွဲဖက်အတွင်းရေးမှူး

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၄/၂၀၀၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၄/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၀၈ ခုနှစ်၊ မေလ ၃ ရက် ).

၁။ (၂-၅-၂၀၀၈) ရက်နေ့မှစ၍ မြန်မာနိုင်ငံ၌ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြီး နာဂစ်သည် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များသို့ ဝင်ရောက်ဖြတ်ကျော်လျက်ရှိပါသည်။

၂။ ယင်းပြင်းထန်သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကာကွယ်ရေးနှင့် ကယ်ဆယ်ထူထောင်ရေးလုပ်ငန်းများကို အမျိုးသားအဆင့်အနေဖြင့် မြန်ဆန် ထိရောက်စွာ ဆက်စပ်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါဒေသများကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာလိုက်သည်-

(က) ဧရာဝတီတိုင်း
(ခ) ရန်ကုန်တိုင်း
(ဂ) ပဲခူးတိုင်း
(ဃ) မွန်ပြည်နယ်
(င) ကရင်ပြည်နယ်

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၅/၂၀၀၈)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## (ကြေညာချက်အမှတ် ၅/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၀၈ ခုနှစ်၊ မေလ ၆ ရက် )

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ်၊ မေလ ၃ ရက် ရက်စွဲပါ ကြေညာချက်အမှတ် (၄/၂၀၀၈) ဖြင့် "နာဂစ်" မုန်တိုင်းဒဏ်ကြောင့် အောက်ပါဒေသများကို သဘာဝဘေး အန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခဲ့သည် -

(က) ဧရာဝတီတိုင်း
(ခ) ရန်ကုန်တိုင်း
(ဂ) ပဲခူးတိုင်း
(ဃ) မွန်ပြည်နယ်
(င) ကရင်ပြည်နယ်

၂။ ယခုအခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က လျင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ပုံမှန်အနေထားသို့ ပြန်လည်ရောက်ရှိလာသည့် အောက်ဖော်ပြပါ ဒေသများကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ထုတ်ပြန်ကြေညာထားခြင်းမှ ရုပ်သိမ်းလိုက်သည် -

(က) ပဲခူးတိုင်း
(ခ) မွန်ပြည်နယ်
(ဂ) ကရင်ပြည်နယ်

(ဃ) ရန်ကုန်တိုင်းအတွင်းရှိ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် ကိုကိုးကျွန်းမြို့နယ်၊ စုစုပေါင်း (၅) မြို့နယ်။

(င) ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်မြို့နယ်၊ ကန်ကြီးဒေါင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော် မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ စုစုပေါင်း (၁၉) မြို့နယ်။

၃။ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ဆက်လက်သတ်မှတ်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ကြေညာလိုက်သည် –

(က) ရန်ကုန်တိုင်းအတွင်းရှိ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံ (ဆိပ်ကမ်း) မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်၊ သာကေတမြို့နယ်၊ သယ်န်းကျွန်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လသာမြို့နယ်၊ လှိုင်မြို့နယ်၊

လမ်းမတော်မြို့နယ်၊ အလုံမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ စုစုပေါင်း (၄၀) မြို့နယ်။

(ခ) ဧရာဝတီတိုင်းအတွင်းရှိ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်၊ စုစုပေါင်း (၇) မြို့နယ်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၆/၂၀၀၈)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## (ကြေညာချက်အမှတ် ၆/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၅ ရက်
( ၂၀၀၈ ခုနှစ်၊ မေလ ၁၉ ရက် )

## ဝမ်းနည်းကြောင်းအထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ခြင်း

၁။ နာဂစ်မုန်တိုင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းသို့ (၂-၅-၂၀၀၈) ရက်နေ့ နံနက် (၀၉း၀၀) နာရီအချိန်တွင် ဧရာဝတီတိုင်း၊ ဟိုင်းကြီးကျွန်းမှ စတင်ဝင်ရောက်ခဲ့ပြီး (၄-၅-၂၀၀၈) ရက်နေ့ နေ့လည် (၁၂း၃၀) နာရီအချိန်တွင် မြန်မာနိုင်ငံမှ ဖြတ်ကျော်သွားခဲ့ပါသည်။

၂။ နာဂစ်မုန်တိုင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့အား ဖြတ်သန်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများ၊ ရိက္ခာပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း စသည်တို့ ကြီးမားစွာ ဖြစ်ပေါ်ခဲ့ရပါသည်။

၃။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြည်သူများသေဆုံးခဲ့ကြရခြင်းအတွက် (၂၀-၅-၂၀၀၈) ရက်နေ့မှ (၂၂-၅-၂၀၀၈) ရက်နေ့အထိ (၃) ရက်တာ ကာလကို ဝမ်းနည်းကြောင်းအထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်လိုက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို (၂၀-၅-၂၀၀၈) ရက်နေ့

နံနက် (၀၉း၀၀) နာရီအချိန်မှစ၍ ယင်းကာလအတွင်း တိုင်တစ်ဝက် လွှင့်ထူရန် ကြေညာလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၇/၂၀၀၈)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## (ကြေညာချက်အမှတ် ၇/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက် )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း အတည်ပြုရေးနှင့် စပ်လျဉ်း၍ ပြည်သူတို့၏ သဘောထားတောင်းခံသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ ခုနှစ်၊ မေလ (၁၀) ရက်နေ့နှင့် (၂၄) ရက်နေ့တို့တွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ (၂၇၂၈၈၈၂၇) ဦးအနက် (၉၈.၁၂) ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး၊ ယင်းသို့ ဆန္ဒမဲပေးသူများအနက် (၉၂.၄၈) ရာခိုင်နှုန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရန် ဥပဒေနှင့်အညီ ထောက်ခံကြောင်း အစီရင်ခံထားပါသည်။

၂။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာပါသည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ